FDB
မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု
Forum for Democracy in Burma
eBulletin

ဧပြီ ၃၀၊ ၂၀၁၀ | သတင်းလွှာ | အမှတ်စဉ် ၄/၂၀၁၀

## "ရေးဆွဲထားတဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ရေရှည်မှာ တိုင်းပြည်ရဲ့ ပြဿနာကို မပြေလည်စေဘူး"

"တိုင်းပြည်အတွက် အမှန်တကယ် အဓိပ္ပာယ်ပြည့်ဝတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ရာအတွက် မဲပေးကြမယ့် မဲဆန္ဒရှင် ပြည်သူတွေအနေနဲ့ စစ်အစိုးရက ရေးဆွဲထားတဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို သေသေချာချာ ဂဃနဏသိရှိအောင် ကြိုးစားဖို့ လိုအပ်တယ်။

ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီးတော့ မဲဆန္ဒရှင် တယောက်က ရွေးကောက်ပွဲလုပ်ရတဲ့ အကြောင်း၊ ရွေးကောက်ပွဲ ရဲ့ အခြေခံ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အဲဒါတွေကို သိရှိအောင် ကြိုးစား သင့်တယ်။ အကယ်၍ သိရှိဖို့ အခွင့်အရေးမရဘူး၊ မသိရှိဘူးဆိုရင် အဲဒီမဲဆန္ဒရှင်ရဲ့ မဲပေးမှုဟာလည်း ဘာမှ အဓိပ္ပာယ်ရှိမှာ မဟုတ်ဘူး"။ ။



ဒေါ်အောင်ဆန်းစုကြည်

*ဒေါ်အောင်ဆန်းစုကြည်မှ ဦးဉာဏ်ဝင်းနဲ့ (၂၄-၄-၂၀၁၀)တွေ့ဆုံချိန်မှာ ပြောဆိုခဲ့သည့်အမှာစကား VOA သတင်းဌာနမှ ကောက်နုတ်ချက် ...*

## (IUSY) ညီလာခံတွင် ၂၀၁၀ ရွေးကောက်ပွဲ ဆန့်ကျင်ရေးလှုပ်ရှားမှုပြုလုပ်ရန် ဆုံးဖြတ်

၂၆-၂၈၊ ၂၀၁၀။



နော်မေဘယ်ထူးမှ တက်ရောက်ဆွေးနွေးခဲ့စဉ်

နိုင်ငံတကာ ဆိုရှယ်လစ် ကျောင်းသားလူငယ်များအဖွဲ့ချုပ် (IUSY) ညီလာခံတွင် မြန်မာ့အရေး နှင့်ပတ်သက်၍ ၂၀၁၀ ရွေးကောက်ပွဲ ဆန့်ကျင်ရေးလှုပ်ရှားမှုများ (International Day of Action against Burma Election 2010) ကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြ သည်။ (IUSY) ၏ ၂၀၁၀ ညီလာခံကို မတ်လ ၂၆ ရက်နေ့မှ ၂၈ ရက် နေ့အထိ (၃) ရက်ကြာ ကျင်းပခဲ့ရာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ် နော်မေဘယ်ထူးမှ တက်ရောက်ဆွေးနွေးခဲ့သည်။

ညီလာခံမှ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအား (Full membership) အဖွဲ့ဝင်အဖွဲ့အစည်းတခုအဖြစ် အသိအမှတ်ပြုခဲ့သည်။ ထို့အပြင် မြန်မာ့အရေးနှင့် ပတ်သက်၍လည်း (IUSY) တဖွဲ့လုံးအနေဖြင့်သော်လည်းကောင်း၊ (IUSY) အာရှ-ပစိဖိတ်ကော်မတီ အနေဖြင့်သော်လည်းကောင်း အဓိကဦးစားပေးထား၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။

(IUSY) ညီလာခံတွင် ဦးဆောင်အဖွဲ့အသစ် ရွေးချယ်ပွဲ ပြုလုပ်ခဲ့သည်။ ၂၀၁၀-၂၀၁၁ အတွက် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးအတည်ပြု ချမှတ်ခဲ့သည်။ ဩဂုတ်လ ၂၀၁၀တွင် Progressive Youth Forum ကို မလေးရှားတွင် ကျင်းပရန်ရှိပြီး Asia-Pacific Committee Meeting ကို ၂၀၁၀ ဒီဇင်ဘာလတွင် ပြုလုပ်ရန် ရှိပါသည်။ နှစ်တစ်ရာပြည့် IUSY World Festival ကိုလည်း ၂၀၁၁ ဇူလိုင်လ၌ Austria နိုင်ငံတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း ဆွေးနွေးခဲ့ကြပါသည်။

မတ်လ (၂၉) ရက်နေ့တွင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ် နော်မေဘယ်ထူးသည် Olof Palme International Center နှင့် Social Democratic Youth of Sweden ရုံးသို့ သွားရောက်ပြီး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးခဲ့သည်။ ။

❑ ❑ ❑

အယ်ဒီတာ့အမြင်

# ရန်သူ မိတ်ဆွေ ကွဲစေသော်

အန်အယ်ဒီပါတီဟာ ဒီနေ့ကာလမှာ တပ်ဦးအခန်းကဏ္ဍ အလံကိုင်အဆင့်ကနေ ၂၀၁၀ ကိုဘယ်လိုဖြတ်မလဲ။ သူကိုင်ဆွဲထားတဲ့ ရွှေဂုံတိုင်နိုင်ငံရေးရပ်တည်ချက်ကို ဘယ်လိုအသက်သွင်းမလဲဆိုတာ နိုင်ငံရေးအင်အားစုအားလုံးနဲ့ နိုင်ငံတကာကစောင့်ကြည့်နေပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအပြောင်းအလဲကို အင်န်အယ်လ်ဒီတခုတည်းကိုပဲ ပုံပြီးတာဝန်ရှိတယ်ဆိုရင်တော့ မတရားပါဘူး။ စစ်အုပ်စုဟာ အင်န်အယ်လ်ဒီပါတီကို လူထုနဲ့ အဆက်ဖြတ်ထားတာ။ ခေါင်းဆောင်တွေနဲ့ အဆက်ဖြတ်ထားတာ။ ဖိနှိပ်ကန့်သတ်မှုတွေကြီးမားတာ အနှစ် (၂၀) လုံးလုံးပါပဲ။ ဒီကြားထဲကပဲ ဒေါ်အောင်ဆန်းစုကြည်ကို အင်န်အယ်လ်ဒီပါတီကို လူထုက၊ အင်အားစုအသီးသီးက အခွင့်အခါနဲ့ အခြေအနေပေးရင်ပေးသလို ထုနဲ့ ထည်နဲ့ ဝိုင်းရံခဲ့တာလည်း အခါခါပါပဲ။ အနှစ် (၂၀) အတွင်း လူထုပါတဲ့ တိုက်ပွဲတွေ၊ သံဃာတွေ ကျောင်းသားတွေ ဦးဆောင်တဲ့တိုက်ပွဲတွေနဲ့လည်းဝိုင်းရံခဲ့ကြတာ ပါပဲ။ ဒီလိုနဲ့ ၂၀၁၀ မတ်လ (၂၉) ရက်နေ့ အင်န်အယ်လ်ဒီဆုံးဖြတ်ချက်နဲ့၊ လူထုကို ပန်ကြားချက်မှာ လူထုအကျိုးစီးပွားဘက်က ပြတ်ပြတ်သားရပ်တည်ပြီး ပါတီရှင်သန်ရေးကနေ နိုင်ငံရေးရှင်သန်ရေး၊ အရေးတော်ပုံရှင်သန်ရေး၊ ဒီမိုကရေစီလိုလားတဲ့ လူထုရှင်သန်ရေး အတွက် လူထုနဲ့တသားတည်းရပ်တည်ပြီး ဒီ/ချုပ်အဆင့်ကနေ ဒီ/လှုပ်အဆင့်ဖြစ်ဖို့ မိတ်ဆွေဟောင်း၊ မိတ်ဆွေသစ်တွေအပြင် အင်အားသစ်တွေ မျိုးဆက်သစ်တွေနဲ့ အဖိုးတန်တဲ့ အင်အားသစ် ဒီ/လှုပ်တွေ တိုးပွားလာမယ်လို့ အင်န်အယ်လ်ဒီပါတီရဲ့ အဓိက ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဦးဝင်းတင်က ယုံကြည်မှုအပြည့်နဲ့ ချီတက်ဖို့ စည်းရုံးပြောဆိုနေပါတယ်။

၂၀၁၀ အတွင်း စစ်အုပ်စုရဲ့ နိုင်ငံရေး၊ စစ်ရေး ထိုးနှက်မှုတွေကို တနည်းနည်းနဲ့ တောင့်ခံထားတဲ့ အပစ်ရပ်အင်အားစုတွေထဲ က **UWSA/ KIA/ NMSP/ SSA-N/ NDAA** အဖွဲ့တွေဟာ အခုဆိုရင် ကိုယ့်အမျိုးသားပြည်သူလူထုရဲ့ ထောက်ခံဝိုင်းရံမှု၊ ဘဝတူအင်အားစုများနဲ့ မဟာမိတ်ပြုမှုတွေနဲ့ စည်းရုံးမှု၊ ပြင်ဆင်တည်ဆောက်မှုတွေကို နေ့ရောညပါ တော်လှန်ရေးသတိကြီးစွာနဲ့ အကောင်အထည်ဖေါ်ဆောင်ရွက်နေကြရပါတယ်။ ဒါက ဘာကိုပြနေသလဲဆိုရင် စစ်အာဏာရှင်စနစ်နဲ့ စစ်အုပ်စုဟာ အားလုံးရဲ့ ဘုံရန်သူဖြစ်ပြီး တော်လှန်ရေးရဲ့ ထာဝရအကျိုးစီးပွားဟာ ကိုယ့်ပြည်သူလူထုပဲဖြစ်တယ်ဆိုတာကို ပြသလိုက်သလို ရန်သူမိတ်ဆွေ ကွဲပြားလာ တာလဲ ဖြစ်ပါတယ်။

စစ်အုပ်စုဟာ ပြည်တွင်းပြည်ပဒီမိုကရေစီအင်အားစုတွေ၊ တိုင်းရင်းသားအင်အားစုတွေနဲ့ နိုင်ငံတကာကပါ ဘယ်လိုပဲ ဒီမိုကရေစီအပြောင်းအလဲကို လိုလားလိုလား သူ့အာဏာဆက်လက်တည်မြဲရေး ဦးတည်ချက်ကိုတော့ ဘယ်တော့မှ စွန့်လွှတ်မှာ မဟုတ်တဲ့အတွက် ၂၀၁၀ ရဲ့ မဟာဗျူဟာကျမှုကို အားသွန်ခွန်စိုက် အစွမ်းကုန်ကြိုးပမ်းနေပါပြီ။ နိုင်ငံရေးမှာ၊ စီးပွားရေးမှာ၊ လူမှုရေးတွေမှာ၊ အုပ်ချုပ်ရေးတွေမှာ သူ့လူတွေ ဆက်လက်လွှမ်းမိုးထားဖို့ စီမံကိန်းတွေ၊ စီမံခန့်ခွဲမှုတွေအပြည့်နဲ့ ၂၀၁၀ ရွေးကောက်ပွဲကို ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့် အောင်ပွဲရပါတယ်ဆိုတာမျိုးကို ထပ်လုပ်ဦးမှာ ဖြစ်တယ်။ ဒါကြောင့် ဖိနှိပ်ကန့်သတ်မှု၊ စည်းရုံးလှုံ့ဆော်မှုတွေကို နေရာ မလပ်လုပ်နေပါတယ်။ ဒီမိုကရေစီအင်အားစုတွေရော၊ တိုင်းရင်းသားအင်အားစုတွေပါ ပါတဲ့ရွေးကောက်ပွဲကြီးကို ကျင်းပပေးခဲ့ပါတယ် ဆိုမျိုးနဲ့ သူခိုးသေဖေါ်ညှိမှာလည်း ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က (၂၄ ရက်၊ ဧပြီလ) မှာ ဦးညဏ်ဝင်းနဲ့တွေ့စဉ် **“၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ရေရှည်မှာ တိုင်းပြည်ရဲ့ပြဿနာတွေကို မပြေလည်စေဘူး၊ ရွေးကောက်ပွဲရဲ့ အခြေခံ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အဲဒါတွေကို သိရှိအောင် ကြိုးစားသင့်တယ်၊ အကယ်၍ သိရှိဖို့ အခွင့်အအရေးမရဘူး၊ မသိရှိဘူးဆိုရင် အဲဒီမဲဆန္ဒရှင်ရဲ့ မဲပေးမှုဟာလည်း ဘာမှအဓိပ္ပါယ်ရှိမှာမဟုတ်ဘူး”**လို့ ရှင်းရှင်းလင်းလင်း ပြောပါတယ်။ တိုင်းပြည်နဲ့ ပြည်သူလူထုအကျိုးစီးပွားကို ဖေါ်ဆောင်ဖို့အတွက် ၂၀၁၀ ရွေးကောက်ပွဲဟာ လူထုအတွက် ဘာမှဖြစ်လာမှာမဟုတ်ပါဘူး။ လူမျိုးစုံပြည်သူလူထုတွေ လိုလားတာက ငြိမ်းချမ်းတဲ့၊ တည်ငြိမ်အေးချမ်းတဲ့ဘဝတွေကို ဖန်တီးနိုင်မယ့် ဒီမိုကရေစီအပြောင်းအလဲကို လိုလားတာပါ။

ဖက်ဆစ်စရိုက်သဘာဝရှိတဲ့ စစ်အုပ်စု၊ စစ်အစိုးရ၊ စစ်အာဏာရှင်စနစ်ကိုဖယ်ရှားပြီး တည်ငြိမ်အေးချမ်းတဲ့၊ ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံသစ်ကို ချီတက်ဖို့အတွက်ဆိုရင် လူမျိုးပေါင်းစုံပြည်သူတွေကို ဦးဆောင်နိုင်တဲ့ ပါတီ၊ တပ်၊ တပ်ပေါင်းစုဆိုတဲ့ ပြဒါးရှင်သုံးလုံးဟာ ဒီနေ့ မြန်မာနိုင်ငံ ဒီမိုကရေစီအပြောင်းအလဲအတွက် မရှိမဖြစ်လိုအပ်တဲ့ အရာဖြစ်ပါတယ်။ ဒီပြဒါးရှင်သုံးလုံးပိုင်ရှင်ဟာ တော်လှန်ရေးရဲ့ အခြေခံအင်အားစုတွေဖြစ်တဲ့၊ တိုင်းပြည်ရဲ့ လူများစုကြီးဖြစ်တဲ့ လယ်သမားတွေ၊ အလုပ်သမားတွေအပါအဝင် လူထုလူတန်းစား အလွှာအသီးသီးပဲ ဖြစ်ပါတယ်။ ။

❑ ❑ ❑

# ရွှေ့ပြောင်းမြန်မာအလုပ်သမားများအတွက် စာပေစကားဝိုင်း ကျင်းပ

မဲဆောက်၊ ၁၂၊ ၂၀၁၀။



မြန်မာ့အမျိုးသမီးသမဂ္ဂမှ ဦးဆောင်ပြီး စာပေစကားဝိုင်း ပြုလုပ်နေကြစဉ်

မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) မှ ဦးဆောင်ပြီး မဲဆောက်မြို့ ဘတ်စံကွင်းရှိ ရွှေ့ပြောင်း မြန်မာအလုပ်သမားများအတွက် ရည်ရွယ်၍ ဖွင့်လှစ်ထားသော လောကမီးအိမ်စာကြည့်တိုက်၌ စာပေစကားဝိုင်း တခုကို ဧပြီလ ၁၂ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

မြန်မာ့အမျိုးသမီးသမဂ္ဂ အထွေထွေအတွင်းရေးမှူး–၁ မနိုးနိုးထက်စံမှ ရွှေ့ပြောင်းမြန်မာအလုပ်သမားများအတွက် စာပေ၏ အနှစ်သာရ၊ စာပေ၏ တန်ဖိုးများကို လေ့လာသိရှိနိုင်စေရန် ရည်ရွယ်၍ စာပေစကားဝိုင်း ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

စာပေစကားဝိုင်းတွင် စာရေးဆရာ စိုးနေလင်းနှင့် ဆရာ နေမျိုးအေးတို့မှ ကဗျာ၊ စာပေအကြောင်းအရာများကို ဆွေးနွေးဖလှယ်ပေးခဲ့ပြီး တက်ရောက်လာသူ အလုပ်သမားများ၏ သိလိုသမျှ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေး ဖြေကြားပေးခြင်းတို့ ပြုလုပ်ခဲ့ပါသည်။ စက်ရုံအလုပ်ရုံမှ ရွှေ့ပြောင်းမြန်မာအလုပ်သမားအများစုကလည်း မြန်မာ့အမျိုးသမီးသမဂ္ဂအနေဖြင့် လစဉ် လောကမီးအိမ်စာကြည့်တိုက်သို့ စာအုပ်များပေးပို့ရာတွင် စာစောင်များ၊ ဂျာနယ်များကိုပါ ထွက်ရှိသလောက် ပေးပို့စေလိုကြောင်း၊ ၎င်းတို့၏ အလုပ်အားချိန်များတွင် မိမိတို့ ဝါသနာပါရာ စာပေများကို ဖတ်ရှုလေ့လာခွင့်ရရှိခြင်းနှင့် ယခုကဲ့သို့ စာပေစကားဝိုင်းကို ပြုလုပ်ပေးသည့်အတွက် အလွန်ပင်ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ရွှေ့ပြောင်းမြန်မာအလုပ်သမားများအတွက် စာအုပ်စာပေ လေ့လာဖတ်ရှုနိုင်ရန် အဓိကရည်ရွယ်၍ မြန်မာ့အမျိုးသမီးသမဂ္ဂမှ မဲဆောက်မြို့တွင် စာကြည့်တိုက်ဖွင့်လှစ်ပေးပြီး ၎င်းတို့အတွက် လစဉ် စာပေစကားဝိုင်းပြုလုပ်ပေးခြင်း၊ စက်ရုံအလုပ်ရုံတွင်းသို့ စာအုပ်စာစောင်များ ပေးပို့ခြင်းတို့ ပြုလုပ်ပေးနေလျက် ရှိပါသည်။ စာပေစကားဝိုင်းတွင် စက်ရုံအလုပ်ရုံမှ ရွှေ့ပြောင်းမြန်မာအလုပ်သမား စုစုပေါင်း (၁၈) ဦး တက်ရောက်ခဲ့ပါသည်။ ။

❑ ❑ ❑

## ဝမ်းနည်းခြင်းမှတ်တမ်း




ပြည်သူ့ကာကွယ်ရေးတပ် – အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု – မူဝါဒရေးရာဦးဆောင် အဖွဲ့ဝင်၊ ရိုးမ (၃)သတင်းဌာန– အယ်ဒီတာချုပ် ရဲဘော်မောင်မောင်ငြိမ်း သည် ဧပြီလ (၂၉) ရက်နေ့ နံနက် (၃) နာရီကျော်တွင် ကွယ်လွန်သွားခဲ့ပါသည်။

ရဲဘော်မောင်မောင်ငြိမ်း ဆုံးပါးသွားခြင်းအပေါ် ကျွန်ုပ်တို့ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB) မှ ရဲဘော်၏ မိသားစုနှင့်အတူ၊ မိခင်အဖွဲ့အစည်းနှင့်အတူ၊ ရဲဘော်များနှင့်အတူ အထူး ဝမ်းနည်းကြေကွဲရပါသည်။

ရဲဘော် ယုံကြည်မျှော်လင့်ခဲ့တဲ့ အမိမြန်မာနိုင်ငံတော် ဒီမိုကရေစီရေးနှင့် ငြိမ်းချမ်းရေးပန်းတိုင်ကို အရောက်လှမ်းနိုင်သည် အထိ ဆက်လက် တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း တိုင်တည် လိုက်ပါသည်။ ။

**အောင့်မေ့သတိရတမ်းတလျက်**
**မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB)**

# ပြောင်းခင်းထဲက နေ (သို့) ရင့်ကျက်စေသော စာမျက်နှာ

ထားခဲ့ညနဲ့
သွားမယ့်ည
မှောင်တာတူတာပဲလား

ဖနောင့်မှာ
မနူတ်ဖြစ်ခဲ့တဲ့ဆူးက
ပိုနက်သလား

ထိတာနဲ့
ရှန်းဖို့လား
အနီလား
အစိမ်းလား

ကမ်းပါးကိုမထိတဲ့လှိုင်းဆိုတာကော
ရှိလား

ညကိုလမ်းလျှောက်
တောင်မြောက်ကိုကြည့်ခွင့်မရတာ
အပြစ်လား

ဖုန်းဆိုးတောင်ယာ
တသီတတန်း
ဒီလမ်းကိုတော့ ကဗျာမဖွဲ့နဲ့

တို့မှာ
တောင်တန်း
ကမ်းပါး
လမ်းသွားတွေရှိပါလျက်
ဖြစ်ရရင်လေ
ရက်ရက်စက်စက်

အရည်ပြားပေါ်မှာ
ထင်ကျန်နေတဲ့
အမဲစက်တစက်အတွက်
ခရီးမထွက်နဲ့လို့
ပြောပြသူတွေအတွက်တော့
မနက်ဖြန်မှာ
လက်ဖက်ရည်ဖန်ဖန်လေးတခွက်
တိုက်လိုက်ပါ

ဒါပြီးရင်လေ
သူတို့က
ပါရီက နံရံတွေအကြောင်း
ဇီမာလမ်းဆုံအကြောင်း
ခင်ဗျားကို ကောင်းကောင်းပြောပြလိမ့်မယ်

ဆေးရေးနူတ်သွင်း
ချစ်ချင်းသီဖွဲ့
ဗင်းနစ်ရဲ့
ပန်းခင်းလှေတွေအကြောင်း
မညောင်းတမ်းပေ့ါ
မြစ်တစီး
ခါးတလက်နဲ့
ဇောရီးရဲ့ ရုပ်ရှင်ကို
မကြည့်ရစကောင်းလားလို့
စောင်းပါရိပ်ခြေ
ပြောလေအုံးမယ်

ပြီးတော့ စစ်တွေညှပ်ထားတဲ့
ပေါင်မုန့်တချပ်လက်ဆောင်
စကပ်တိုတိုပေါင်ပေါ် တင်ပေးလိုက်မယ်

အဲဒီအချိန်မှာပဲ
အသံမကြားအောင်
ကြွေရေသုတ်
ပန်းကန်တချပ်ကွဲ
ဟန်ဆောင်ပြီး ထွက်ခွာသွားမြဲ ...။

ခင်ဗျားတို့ လေ့လာနေကျ ကဗျာထဲက
နာရီမဲ့တဲ့
အိုကိုးရဲ့ဘဝထဲမှာ
ကျနော်မွေးတုန်းကလည်း
လင်းကြက်တွန်ဆဲ
တောင်ယာပေါ်ချိန်ပဲနော် ... ။ ။

**ငြိမ်းရှု**

*မကွယ်လွန်ခင် နောက်ဆုံးရေးဖွဲ့ခဲ့သည့် ကဗျာဖြစ်ပါသည်။*

# နိုင်ငံရေးပါတီ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် လျှောက်ထားကြခြင်း

(တူမောင်ညို)

*၁၅ ဧပြီ ၂၀၁၀*

၂၀၁၀ ပြည့်နှစ်၊ မတ်လ (၈) ရက်နေ့တွင် (နအဖ) စစ်အစိုးရက အောက်ပါဥပဒေ (၅) ရပ်ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

- ဥပဒေအမှတ် (၁/၂၀၁၀) ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥပဒေ
- ဥပဒေအမှတ် (၂/၂၀၁၀) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ
- ဥပဒေအမှတ် (၃/၂၀၁၀) ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ
- ဥပဒေအမှတ် (၄/၂၀၁၀) အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ
- ဥပဒေအမှတ် (၅/၂၀၁၀) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ

ထို့အပြင် ၂၀၁၀ပြည့်နှစ်၊ မတ်လ(၁၁)ရက်နေ့တွင် ဦးသိန်းစိုးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်(၁၇)ဦးပါဝင်သည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းတာဝန်ပေးအပ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

သို့ဖြင့် နိုင်ငံရေးပါတီအများအဖြစ်မှတ်ပုံတင်နိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်လျှောက်ထားခဲ့ကြရာ ၂၀၁၀ ပြည့်နှစ်၊ မတ်လ (၂၂) ရက်နေ့ မှ ဧပြီလ (၉) ရက်နေ့အထိ မှတ်ပုံတင်လာရောက်လျှောက်ထားကြသည့် နိုင်ငံရေးပါတီ စုစုပေါင်း (၁၉) ပါတီ ရှိပါသည်။ (မှတ်ပုံတင်သည့်နေ့စွဲအလိုက်ပါတီမှတ်ပုံတင်လျှောက်ထားသည့် စာရင်းကို ဇယားဖြင့်ပူးတွဲဖော်ပြထားပါသည်)

ယင်း (၁၉) ပါတီထဲတွင် ယခုမှစတင်၍ မှတ်ပုံတင်လာရောက်လျှောက်ထားသည့် ပါတီ အရေအတွက် မှာ (၁၆) ပါတီရှိပြီး၊ ကျန်(၃) ပါတီမှာ တည်ဆဲ နိုင်ငံရေးပါတီ (၁၀) ပါတီထဲကဖြစ်ပါသည်။

ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်လျှောက်ထားကြသည့် နိုင်ငံရေးပါတီ (၃) ခုမှာ –

၁။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည)
၂။ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
၃။ မြို (ခမီ) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ (မခမညဖ) MRO OR KHAMI NATIONAL SOLIDARITY ORGANIZATION (MKNSO) တို့ဖြစ်ပါသည်။

ယခုအချိန်အထိ မှတ်ပုံတင်လာရောက်လျှောက်ထားကြသည့် နိုင်ငံရေးပါတီ (၁၉) ပါတီကို နိုင်ငံရေးပါတီအဖြစ် အသိအမှတ်ပြုလက်ခံ ကြောင်း “သိန်းစိုးကော်မရှင်”မှ ထုတ်ပြန်ကြေညာခြင်း မရှိသေးပါ။ မှတ်ပုံတင် လာရောက်လျှောက်ထားသည့် လျှောက်လွှာကို လက်ခံထားသည့် အဆင့်သာရှိပါသေးသည်။

မှတ်ပုံတင်လာရောက်လျှောက်ထားကြသည့် နိုင်ငံရေးပါတီ (၁၉) ပါတီတွင် တိုင်းရင်းသားအမည်တပ်ထားသည့် နိုင်ငံရေးပါတီ ပေါင်း (၉) ပါတီရှိပါသည်။ ယင်းတို့မှာ

၁။ ကရင်ပြည်သူ့ပါတီ

၂။ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)
၃။ ကချင်ပြည်နယ်တိုးတက်ရေးပါတီ။
၄။ ချင်းအမျိုးသားပါတီ (Chin National Party)
၅။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ
၆။ တအောင်း (ပလောင်) အမျိုးသားပါတီ
၇။ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
၈။ "ဝ" ဒီမိုကရက်တစ်ပါတီ
၉။ မြို (ခါမိ) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ (မခမညဖ) MRO OR KHAMI NATIONAL SOLIDARITY ORGANIZATION (MKNSO)

အဆိုပါ တိုင်းရင်းသားအမည်တပ်ထားသည့်ပါတီများအနက်မှ မည်သည့်ပါတီအဖွဲ့အစည်းသည် ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီအဖွဲ့အစည်းလား၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း၌သာစည်းရုံးမည့်ပါတီအဖွဲ့အစည်းလား ဆိုသည့်အချက်မှာ ယခုအချိန်အထိ ကွဲကွဲပြားပြား သိရှိရခြင်းမရှိသေးပါ။

**မှတ်ပုံတင်ရမည့်နောက်ဆုံးနေ့ရက်သတ်မှတ်ခြင်း**

"နိုင်ငံရေးပါတီ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားရန်" အတွက် နောက်ဆုံးနေ့အဖြစ် မေလ (၆) ရက်နေ့ကို သတ်မှတ်ကြောင်း ၂၀၁၀ ပြည့်နှစ်၊ ဧပြီလ (၉) ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၁၈/၂၀၁၀) ထုတ်ပြန်၍ အသိပေးကြေညာထားပါသည်။

သို့ပါ၍ ဆက်လက်တည်ထောင်ခွင့်လျှောက်ထားသူများရော(တည်ဆဲ၁၀ ပါတီအတွက် ) မှတ်ပုံတင်ခွင့် (အသစ်) လျှောက်ထားမည့် သူများအတွက် နောက်ဆုံးနေ့ရက်မှာ ၂၀၁၀ ပြည့်နှစ်၊ မေလ (၆) ရက်နေ့ဖြစ်ပါသည်။

ယခုဆောင်းပါးရေးသည့် နေ့ရက် (၁၅ ဧပြီ) မှ စတင်ရေတွက်မည်ဆိုလျှင် မှတ်ပုံတင်လျှောက်ထားကြရမည့် နေ့ရက်မှာ (၂၁) ရက်မျှသာကျန်ပါတော့သည်။

တည်ဆဲ (၁၀) ပါတီအနက်မှနိုင်ငံရေးပါတီ အဖြစ် ဆက်လက်တည်ထောင်ခွင့်လျှောက်ထားသည့် မြို (ခါမိ) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ (မခမညဖ) MRO OR KHAMI NATIONAL SOLIDARITY ORGANIZATION (MKNSO) ၏ ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုသူများရှိပါက (၇) ရက်အတွင်း ခိုင်လုံသောအထောက်ထားများဖြင့် ကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ဧပြီလ (၁၄) ရက်နေ့ထုတ် နေ့စဉ်သတင်းများတွင် ဖော်ပြထားပါသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့**
**မှတ်ပုံတင်လျှောက်ထားကြသည့်နိုင်ငံရေးပါတီများ**
**(မတ်လ ၂၂ ရက်နေ့ မှ ဧပြီလ ၉ ရက်နေ့အထိ )**

| စဉ် | ရက်စွဲ | ပါတီအမည် | ဦးဆောင်သူအမည် |
|---|---|---|---|
| ၁။ | ၂၂ မတ် | ၈၈မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စု မြန်မာနိုင်ငံ) THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR) | ကိုရဲထွန်း ဦးစီး |
| ၂။ | ၂၂ မတ် | ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသား နိုင်ငံရေး အဖွဲ့ချုပ် THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS | ကိုအေးလွင် ဦးစီး |
| ၃။ | ၂၉ မတ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည) (ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း) | |

**စာမျက်နှာ (၈) သို့ ဆက်လက်ဖတ်ရှုရန် ...**

# တိုက်ဆိုင်လှတဲ့ ပေါက်ကွဲမှုတွေ

ရဲဘော်ဖိုးသံချောင်း

*၂၇ ဧပြီလ ၂၀၁၀*

နအဖရဲ့ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲဟာ မြန်မာပြည်နိုင်ငံရေးမှာ အပြောင်းအလဲတွေ ဖြစ်ပေါ်စေမယ်လို့ တွက်ခဲ့ကြ၊တွက်ထားကြသူတွေ မနည်းပါဘူး။ အခုတော့ ဖြစ်ပေါ်လာတဲ့ အပြောင်းအလဲတွေဟာ မြန်လည်းမြန်၊ ပုံသဏ္ဍာန်တွေလည်းစုံ၊ စိတ်ဝင်စားစရာကောင်းလှပါတယ်။ နအဖဟာ နယ်စပ်တွေကို ဖိအားပေးနေတုန်း ရန်ကုန်မြို့လယ်ခေါင်မှာ ဗုံးတွေကွဲပါတယ်။ မြန်မာပြည်ရဲ့ အရှေ့ဖျားဆုံး တရုတ်–မြန်မာ၊ ထိုင်း–မြန်မာနယ်စပ်တွေကို တပ်တွေပို့နေတုန်း အနောက်ဖျားက ရခိုင်ပြည်နယ်မှာ ဗုံးတွေကွဲပြန်ပါတယ်။ ဒီဗုံးကွဲမှုတွေရဲ့ အနှံ့အပြားဖြစ်မှုနဲ့ အရေအတွက်ဟာ သိပ်ထူးခြားနေပါတယ်။ အချိန်ကာလအရပြောရရင်လည်း မြန်မာပြည်နိုင်ငံရေးရဲ့ တကယ့်အကွေ့အချိုးကာလ၊ အရေးကြီးကာလ ဖြစ်နေပါတယ်။

နောက်ထူးခြားတာတချက်က ဘယ်မှာမှ လက်သည်မပေါ်၊ သဲလွန်စလေးတောင်မှ မရတာပါ။ နအဖရဲ့ အုပ်ချုပ်ရေးယန္တရားနဲ့ ထောက်လှမ်းရေးအဖွဲ့မျိုးစုံတို့ဟာ ရွေးကောက်ပွဲအတွက် အလုပ်ရှုပ်နေကြလို့လား၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ အပစ်ရပ်အဖွဲ့တွေအပေါ် ဆင်နွှဲတော့မယ့် နောက်ဆုံးနိုပ်ကွပ်ပွဲကြီးအတွက် အသားကုန်လုံးပန်းနေကြလို့လား။ဘာကြောင့်ပဲဖြစ်ဖြစ် နအဖအစိုးရ အုပ်စိုးမှုယန္တရားရဲ့ ယိုပေါက် ဟာကွက်တွေကို အထင်အရှားမြင်တွေ့နေရတာကတော့ အမှန်ပါပဲ။ လာမယ့်ရွေးကောက်ပွဲအမီ နအဖကို အပြတ်ဖားနေကြရတဲ့ "ဆောင်းပါးရှင်" ဆိုသူတွေမှာတော့ ဒီပေါက်ကွဲမှုတွေနဲ့ ပတ်သက်ပြီး ဘယ်သူ့ဘယ်လို တွယ်ရမယ်မှန်းမသိဖြစ်နေပြီး အသားလွတ် ရမ်းသမ်းချနေရတဲ့အခြေအနေဆိုက်နေပါတယ်။

တချို့ကတော့လည်း "သူခိုးလိမ္မာမျက်နှာကြီးမို့" လက်သည်မပေါ်တာ၊ ရဲတွေက တက်တက်ကြွကြွ မရှာဖွေတာလို့ ပြောနေကြပါတယ်။ ဘာမဆိုဖြစ်နိုင်တဲ့ အနေအထားမို့ ဒါလည်း စဉ်းစားစရာအဖြစ် သတ်မှတ်သင့်ပါ တယ်။တကယ်တော့ နအဖကို ဆန့်ကျင်တာပဲဖြစ်ဖြစ်၊ အချင်းချင်းတွယ်ကြတာပဲဖြစ်ဖြစ်၊ ပြည်သူလူထုကို ထိခိုက်သေကျေစေတဲ့အထိ ဖြစ်တာကတော့ မကောင်းတာအမှန်ပါပဲ။ ဒါမျိုးကို တော်လှန်ရေးမဆန်တဲ့ လုပ်ရပ်လို့ပဲ သတ်မှတ်ရမှာပါ။ အားမပေးသင့်ပါဘူး။

ဒါပေမယ့် ရက်စက်ရှည်ကြာတဲ့ အုပ်စိုးမှုတခုကို မခံနိုင်လွန်းလို့ ဖြစ်တဲ့နည်းနဲ့ ဆန့်ကျင်တဲ့လူတွေကိုတော့ နားလည်ဖို့ လိုပါတယ်။ နိုင်ငံတိုင်းလိုလိုမှာ အမျိုးသားတော်လှန်ရေး၊ လူတန်းစားတော်လှန်ရေး စတာတွေ ဖြစ်လာတယ်ဆိုရင်၊ အထူးသဖြင့် အစပိုင်းမှာ ဒီလိုပဲ တဦးချင်းစွန့်စားလုပ်ကြတဲ့၊ မဆိုင်သူတွေကို ထိခိုက်စေတဲ့ လုပ်ရပ်တွေ ပေါ်လာလေ့ရှိကြတယ်ဆိုတာကို သတိပြုဖို့လိုပါတယ်။ အယူအဆ မကြည်လင်တာကြောင့်မို့ မင်းလောင်းပုံစံနဲ့ အင်္ဂလိပ်ကို ထ'ချကြတာကို မြန်မာပြည်ရဲ့ မဝေးလှတဲ့ သမိုင်းမှာ လှမ်းတွေ့နိုင်ပါတယ်။ ကျေးလက်တွေမှာ ဓားပြဂိုဏ်းလိုလို၊ သူပုန်အဖွဲ့လိုလိုဆိုတာတွေကလည်း ဒီသဘောပါပဲ။ မြန်မာပြည်က 'ရော်ဘင်ဟု' တွေဟာ ခေတ်မီနိုင်ငံရေး အတွေးအခေါ် မတပ်ဆင်နိုင်တဲ့ လယ်သမားသူပုန်တွေသာ ဖြစ်ပါတယ်။ သူတို့ရဲ့ လုပ်ရပ်တွေမှာ လွန်ကျူးတယ်လို့ ထင်မြင်စရာရှိတာ၊ မဆိုင်သူကို ထိခိုက်တာတွေ ပါလာတတ်ပါတယ်။ နိုင်ငံရေးအားနည်းသေးလို့သာ ဖြစ်ပါတယ်။

ရုရှနိုင်ငံမှာ ဘော်ရှီဗစ်တွေရဲ့ တော်လှန်ရေးမတိုင်မီ အနားခစ္စလို့ခေါ်တဲ့ လုပ်ကြံရေးဂိုဏ်းက အရင်ပေါ်လာတာပါ။ လီနင်ရဲ့ အစ်ကိုကိုယ်တိုင် အဲဒီအထဲမှာပါခဲ့ပြီး ဖမ်းမိလို့ ကွပ်မျက်တာလည်း ခံခဲ့ရပါတယ်။ မြန်မာပြည်မှာတော့ ၁၃၀၀ ပြည့် အရေးတော်ပုံနောက်ပိုင်းမှာကိုပဲ နဂါးနက်ဂိုဏ်းဆိုတာ ပေါ်ခဲ့ပါတယ်။ အဲဒီဂိုဏ်းဟာ ပေါ်ကာစတုန်းက လုပ်ကြံရေးဂိုဏ်းတမျိုးသာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီဂိုဏ်းသားတွေဟာ နောက်ပိုင်းမှာ တော်လှန်တဲ့ အတွေးအခေါ် တွေ၊ အသိတွေနဲ့ ပေါင်းစပ်မိတော့ ရာသက်ပန်တော်လှန်ရေးသမားတွေ ဖြစ်လာ ပြီး တော်လှန်ရေးထဲမှာပဲ ကျဆုံးသွားကြပါတယ်။ အလားတူပဲ လက်နက်ကိုင်တော်လှန်ရေးထဲကို ပြောင်းလဲပါဝင်လာကြတဲ့ ဓားပြတွေ၊ 'ရော်ဘင်ဟု'တွေ အများကြီးရှိခဲ့ပါတယ်။ ဒီနေ့လိုတိုင်းပြည်ရဲ့ စီးပွားရေးက အောက်ဆုံးရောက်နေ၊ ကြံ့ဖွံ့လို နအဖရဲ့ လူမိုက်တွေက နေရာတကာမှာ ရမ်းကားအနိုင်ကျင့်နေ၊ ဒီကြားထဲမှာ နအဖရဲ့ ဒီမိုကရေစီကြောင့် မှန်ကန်တဲ့နိုင်ငံရေး အတွေးအခေါ်တွေကို ဖြန့်ချိခွင့်မရဖြစ်နေတဲ့ အခြေအနေမှာ နည်းမျိုးပေါင်းစုံသော ဆန့်ကျင်မှုတွေ ပေါ်ပေါက်လာတာဟာ သဘာဝကျတယ်လို့ပဲ ဆိုရမှာပါ။

ဒီလိုနာကြည်းပေါက်ကွဲမှုတွေကို နည်းမှန်လမ်းမှန်ရောက်အောင် တည့်မတ်ပေးဖို့ဟာ အင်မတန်မှအရေးကြီး တယ်ဆိုတာကို အထူးပြော နေစရာမလိုပါဘူး။ သူတို့လုပ်တဲ့နည်းဟာ မအောင်မြင်နိုင်ဘူး၊ မကောင်းတဲ့ဆိုးကျိုးတွေ

**ဒီလိုနာကြည်းပေါက်ကွဲမှုတွေကို
နည်းမှန်လမ်းမှန်ရောက်အောင်
တည့်မတ်ပေးဖို့ဟာ
အင်မတန်မှ
အရေးကြီးတယ်ဆိုတာကို
အထူးပြောနေစရာမလိုပါဘူး။**

ဖြစ်စေနိုင်တယ်ဆိုတာတွေ ထောက်ပြရပါမယ်။ နအဖကို ရှုံမှုန်းနာကြည်းတယ်၊ ဖြုတ်ချရမယ်ဆိုတဲ့ သာမန်စဉ်းစား တွေးခေါ်နည်းလောက်နဲ့ မလုံလောက်တော့ဘူးဆိုတာ ရှင်းနေပါတယ်။ မှန်ကန်တဲ့ အတွေးအခေါ်ကို လူထုဆီ ပို့ဖို့ဆိုတာဟာ အပြောလွယ်သလောက် လက်တွေ့မှာ မလွယ်လှပါဘူး။ အထူးသဖြင့် မြန်မာပြည်လူဦးရေရဲ့ (၈၀) ရာခိုင်နှုန်း ကျော်ဖြစ်တဲ့ ကျေးလက်လူထုဆီကို ပို့ဖို့ဖြစ်ပါတယ်။

တကယ်က ဒီအရေးတော်ပုံမှာ လယ်သမားတွေပါလာဖို့ဟာ အင်မတန်မှ အခရာကျပါတယ်။ သူတို့ပါလာမှ ပွဲကပြတ်မှာပါ။ ဒါပေမယ့် ဒီနေ့အခြေအနေမှာ လယ်သမားတွေကို စည်းရုံးဖို့ဆိုတာ တယ်လွယ်လှတာ မဟုတ်ပါဘူး။ သူတို့ဆီကို ကားစီးသွား ပြောချင်တာပြော၊ တောထမင်း တောဟင်းစားပြီး ပြန်လာရုံနဲ့ မရပါဘူး။ အချိန်ယူလုပ်ရမယ့်အလုပ်ဖြစ်ပါတယ်။ သူတို့အကြားမှာ အကြာကြီးနေလို့ရအောင် ဘယ်လိုလုပ်မလဲ။ ရအဖတွေ၊ ကြံ့ဖွံ့တွေမသိအောင် ဘယ်လိုဝပ်မလဲ စတဲ့လက်တွေ့ပြဿနာတွေကို ဖြေရှင်းရပါမယ်။ မြို့ပြနဲ့ ကျေးလက်ပေါင်းစည်းတဲ့ လှုပ်ရှားမှုတွေ ဘယ်လိုဖော်ထုတ်မလဲ စဉ်းစာအဖြေရှာကြရပါမယ်။ ဒါဆိုရင် တိုက်ပွဲခွင်လည်းကျယ်လာ၊ နည်းသဏ္ဍာန် တွေလည်းစုံလာ၊ လူထုထောက်ခံမှုလည်း ပိုရလာမှာ ဖြစ်ပါတယ်။ နောက်ပြီး လယ်သမားသားသမီးအများစုဖြစ်တဲ့ သံဃာတွေ၊ စစ်သားတွေရဲ့အသည်းနှလုံးကိုလည်း ဖမ်းစားနိုင်မှာဖြစ်ပါတယ်။ ။

**ရဲဘော်ဖိုးသံချောင်း**

❑ ❑ ❑

## ... စာမျက်နှာ (၆) မှ အဆက်

| | | | |
|---|---|---|---|
| ၄။ | ၃၀ မတ် | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | ဦးသုဝေ ဦးစီး |
| ၅။ | ၃၁ မတ် | ကရင်ပြည်သူ့ပါတီ | |
| ၆။ | ၁ ဧပြီ | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ် | |
| ၇။ | ၂ ဧပြီ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) | |
| ၈။ | ၅ ဧပြီ | ကချင်ပြည်နယ်တိုးတက်ရေးပါတီ။ | ဒေါက်တာမနန်တူးဂျာ ဦးစီး |
| ၉။ | ၅ ဧပြီ | မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ | |
| ၁၀။ | ၆ ဧပြီ | မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ | |
| ၁၁။ | ၆ ဧပြီ | ခေတ်သစ်ပြည်သူ့ပါတီ | ဦးထွန်းအောင်ကျော် ဦးစီး |
| ၁၂။ | ၇ ဧပြီ | ချင်းအမျိုးသားပါတီ (Chin National Party) | |
| ၁၃။ | ၈ ဧပြီ | ပြည်ထောင်စု ဒီမိုကရေစီပါတီ (Union Democracy Party) | ဦးရွှေအုံး ဦးစီးသည့် ပါတီဖြစ်ပါလိမ့်မည်။ |
| ၁၄။ | ၈ ဧပြီ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | |
| ၁၅။ | ၈ ဧပြီ | တအောင်း (ပလောင်) အမျိုးသားပါတီ | |
| ၁၆။ | ၈ ဧပြီ | ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ် (ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း) | |
| ၁၇။ | ၉ ဧပြီ | ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ) | |
| ၁၈။ | ၉ ဧပြီ | "ဝ" ဒီမိုကရက်တစ်ပါတီ | |
| ၁၉ | ၉ ဧပြီ | မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ (မခမညဖ) MRO OR KHAMI NATIONAL SOLIDARITY ORGANIZATION (MKNSO) (ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း) ဌာနချုပ် (အိမ်အမှတ် ၂၀၂ / စာတိုက်လမ်း၊ ပြည်တော်သာ ရပ်ကွက်၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ်) | |

ယခုဆောင်းပါးရေးသည့် နေ့ရက် (၁၅ ဧပြီ) မှ စတင်ရေတွက်မည်ဆိုလျှင် မှတ်ပုံတင်လျှောက်ထားကြရမည့် နေ့ရက်မှာ (၂၁) ရက်မျှသာ ကျန်ပါတော့သည်။ များမကြာမီ ကြံ့ဖွံ့မှ အသွင်ပြောင်းထားသည့် သူများကလည်း နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ကြလိမ့်မည်ဟု ထင်မြင်ယူဆပါသည်။

သို့သော်လည်း မှတ်ပုံတင်လာရောက်လျှောက်ထားကြသည့် ပါတီများအနက် မည်သည့်ပါတီကို နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင် ခွင့်ပြုမည်ဆိုသည့်အချက်ကလည်း (နအဖ) စစ်အစိုးရ စိတ်ကြိုက်ခန့်ထားသည့် ကော်မရှင်လက်ထဲမှာရှိနေသလို၊ ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်ကိုလည်း (နအဖ) စစ်အစိုးရကပဲ စိတ်ကြိုက်သတ်မှတ်ကြေညာမှာ ဖြစ်ပါကြောင်း။ ။

**တူမောင်ညို**

# ၂၀၁၀ ရွေးကောက်ပွဲ ဘာလဲ ဘယ်လဲ

၂၀၁၀ ဧပြီလမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကတောင်းဆိုထားတဲ့ ရွှေဂုံတိုင်ကြေညာစာတမ်း (၁) နှစ်ပြည့်မြောက် သွားခဲ့ပါပြီ။ ရွှေဂုံတိုင်ကြေညာစာတမ်းကို ပြည်တွင်း၊ ပြည်ပဒီမိုကရေစီအင်အားစုတွေက အားလုံးဝိုင်းဝန်းထောက်ခံထားပြီး၊ မြန်မာ့ နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းရမယ့် လုပ်ငန်းအဆင့်ဆင့်တွေအဖြစ် သဘောထားခဲ့ကြတာတွေ့ရကြောင်းကို ပြီးခဲ့ ပြီးခဲ့တဲ့ '၂၀၁၀ ဘာလဲ ဘယ်လဲ' လစဉ်သုံးသပ်ချက်တွေမှာ ဖေါ်ပြခဲ့ပြီးပါပြီ။

ရွှေဂုံတိုင်ကြေညာစာတမ်းကို ကိုင်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ဒီမိုကရေစီအင်အားစုတွေက ဘယ်လိုပဲ တောင်းဆိုနေနေ နအဖ စစ်အုပ်စုကတော့ သူတို့ရဲ့ လမ်းပြမြေပုံကို အသေဆုတ်ကိုင်ပြီး ၂၀၁၀ ရွေးကောက်ပွဲနဲ့ အရပ်ဝတ် စစ်ပါလီမန် ဖေါ်ဆောင်ရေးလုပ်ငန်းစဉ်ကို တစိုက်မတ်မတ်အကောင်အထည်ဖေါ်နေတဲ့လုပ်ငန်းစဉ်တွေထဲက ထင်ထင်ရှားရှားမြင်နေရတဲ့လုပ်ငန်းစဉ် (၃) ခုရှိပါတယ်။ အဲဒီလုပ်ငန်းစဉ် တွေကတော့ ၁) **အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ၉၀ ရွေးကောက်ပွဲ အနိုင်ရပါတီများ ဖျက်သိမ်းရေး၊** ၂) **အပစ်ရပ်လက်နက်ကိုင်အဖွဲ့တွေကို နယ်ခြားစောင့်တပ်အဖြစ် နအဖစစ်တပ်အမိန့်အာဏာအောက် ထည့်သွင်းရေး၊** ၃) **အရပ်ဝတ်စစ်ပါလီမန် ရွေးကောက်ပွဲဝင်ရေး** ဆိုတဲ့လုပ်ငန်းစဉ်တွေပါပဲ။

### ၁) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ၉၀ ရွေးကောက်ပွဲ အနိုင်ရပါတီများ ဖျက်သိမ်းရေး

၉၀ ရလဒ်အနိုင်ရပါတီတွေကို ဖျက်သိမ်းရေး လုပ်ငန်းစဉ်အဖြစ် နအဖစစ်အုပ်စုဟာ မတ်လ(၁၀) ရက်နေ့က ဥပဒေ အမှတ် (၂/၂၀၁၀)နဲ့ ထုတ်ပြန်ခဲ့တဲ့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ပုဒ်မ(၂၅)မှာ **"နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊၄/၈၈)အရ တည်ရှိနေသော ပါတီများသည် ဤဥပဒေအရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုပါက ဤဥပဒေပြဌာန်းသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ လျှောက်ထားရမည်၊ ကော်မရှင်၏ခွင့်ပြုချက်ရရှိသည့်အခါ ဤဥပဒေပါပြဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ခွင့်ရှိသည်။ ယင်းသို့ လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။"** လို့ ထုတ်ပြန်ထားတာဟာ၊ ရက်ပေါင်း ၆၀ ပြည့်ပြီး မေလ (၇)ရက်နောက်ပိုင်းမှာ ဖျက်သိမ်းပစ်ဖို့ ပြင်ဆင်ထားတဲ့ဥပဒေအဖြစ်တွေ့ရပါတယ်။

### ၂) အပစ်ရပ်လက်နက်ကိုင်အဖွဲ့တွေကို နယ်ခြားစောင့်တပ်အဖြစ် နအဖစစ်တပ်အမိန့်အာဏာအောက်ထည့်သွင်းရေး

နအဖစစ်အုပ်စုရဲ့ ၂၀၁၀ ရွေးကောက်ပွဲပြင်ဆင်မှုလုပ်ငန်းစဉ်တွေထဲမှာ အပစ်ရပ်လက်နက်ကိုင်အင်အားစုတွေကို နယ်ခြားစောင့်တပ်ဖွဲ့ဖို့ လုပ်နေတဲ့လုပ်ငန်းစဉ်လည်း ပါဝင်ပါတယ်။ စစ်အုပ်စုက အမြဲကြေညာနေကြအတိုင်း အပစ်ရပ်လက်နက်ကိုင်တပ်ဖွဲ့ (၁၇) ဖွဲ့ရှိပြီလို့ ဆိုပေမယ့်၊ နယ်ခြားစောင့်ဖွဲ့ရေးကို လက်မခံဘဲ ငြင်းဆန်ရပ်ခံနေတာကတော့ အပစ်ရပ်အဖွဲ့တွေထဲက အင်အားအများဆုံး အဓိကအပစ်ရပ်အဖွဲ့တွေဖြစ်တယ်ဆိုတာတွေ့ရပါတယ်။ အဲဒီအဖွဲ့တွေကတော့ ကချင်လွတ်လပ်ရေး တပ်မတော် (KIA )၊ အမျိုးသား ဒီမိုကရေစီ မဟာမိတ် တပ်မတော် ( NDAA) မိုင်းလား အဖွဲ့၊ ဝပြည် သွေးစည်း ညီညွတ်ရေး အဖွဲ့ (UWSA) ၊ ရှမ်းပြည် တပ်မတော် (မြောက်ပိုင်း) (SSA-N) တပ်ဖွဲ့နဲ့ မွန်ပြည်သစ်ပါတီ (NMSP) တို့ပါပဲ။ အဲဒီတပ်ဖွဲ့တွေကို နအဖ စစ်ခေါင်းဆောင်တွေဟာ အကြိမ်ကြိမ် တွေ့ဆုံ၊ ချော့တလှည့် ခြောက်တလှည့်ဖိအားမျိုးစုံပေးပြီး နယ်ခြားစောင့်အသွင်ပြောင်းရေး နောက်ဆုံးရက်အကြိမ်ကြိမ် သတ်မှတ်ပေးပြီး အခုနောက်ဆုံး ဧပြီလ(၂၈)ရက်နေ့ကို နယ်ခြားစောင့်အသွင်ပြောင်းရေးအတွက် အဖြေပေးဖို့ သတ်မှတ်ပေး လိုက်ပါတယ်။

အဲသလိုသတ်မှတ်မေးလိုက်တာနဲ့အတူထွက်ပေါ်လာတဲ့အသံကို ဧပြီ ၂၃ ရောဝတီအွန်လိုင်း မဂ္ဂဇင်းမှာ အခုလို ဖေါ်ပြထားပါတယ်။ **"အပစ်ရပ်အဖွဲ့များအနေနှင့် ဧပြီ ၂၈ ရက်နေ့ မတိုင်မီ နယ်ခြားစောင့်တပ် အသွင်မပြောင်းပါက စစ်အစိုးက မတရားအသင်းအဖြစ် ကြေညာမည်ဟု သတင်းများလည်း ထွက်ပေါ်နေသည်။ "**

### ၃) အရပ်ဝတ် စစ်ပါလီမန် ရွေးကောက်ပွဲဝင်ရေး

နအဖစစ်အုပ်စုဟာ ဧပြီလထဲမှာ အဓိကကျတဲ့ ၉၀ ရွေးကောက်ပွဲအနိုင်ရပါတီတွေကို မြန်မာ့နိုင်ငံရေးဖြစ်စဉ်ထဲက ဖယ်ရှားရေးနဲ့ တိုင်းရင်းသား အပစ်ရပ် လက်နက်ကိုင်အင်အားစုများကို ချုပ်ကိုင်ရေးလုပ်ငန်းစဉ်များကို လုပ်ဆောင်နေတဲ့ တချိန်တည်း တပြိုင်တည်းမှာ လာမယ့် ၂၀၁၀ ရွေးကောက်ပွဲနဲ့ စစ်တပ်အလုံးစုံ လွှမ်းမိုးအုပ်ချုပ်တဲ့ပါလီမန်ဖြစ်ရေးကိုလည်း အားသွန်ခွန်စိုက်

ကြိုးပမ်းနေပါတယ်။ အဲသလို ကြိုးပမ်းတဲ့နေရာမှာတော့ သူတို့ထုတ်ပြန်ထားတဲ့ ဥပဒေတွေကိုတောင် သူတို့ပြန်မလိုက်နာဘဲ နိုင်ငံရေးပါတီအဖြစ် တရားဝင်ဖွဲ့စည်းခြင်း၊ မှတ်ပုံတင်ခြင်းတောင် မလုပ်သေးဘဲ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးလုပ်ငန်းတွေ စလုပ်နေတာကို ဘာသာရေးနယ်ပယ်ပါမကျန် အခုလို တွေ့ရပါတယ်။

- **၂၀၁၀ ရွေးကောက်ပွဲကို မည်သည့်နေ့ရက်တွင် ကျင်းပမည်ဟု မကြေညာသေးသည့် စစ်အစိုးရက ရွေးကောက်ပွဲ ကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံမတင်သေးသည့် စစ်တပ်၏ဒေါက်တိုင်အဖွဲ့အစည်းဖြစ်သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း (ကြံ့ဖွံ့) က ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုကို အင်တိုက်အားတိုက် ပြုလုပ်နေကြောင်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ အရာထမ်းတဦးက ပြောသည်။**
  *(မေ ၂၀၊ ၂၀၁၀။ ခေတ်ပြိုင်အွန်လိုင်းဂျာနယ်။)*
- **ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးကို မဲပေးရန် အစ္စလာမ် ဘာသာရေးခေါင်းဆောင်များကို တိုက်တွန်းသွားသည်။ ဘူးသီးတောင်မြို့နယ် မယကဥက္ကဋ္ဌ ရုံးခန်းသို့ ဘာသာရေးခေါင်းဆောင် ၆ ဦးကို ယခုလ ၁၈ ရက်နေ့က ခေါ်ယူတွေ့ဆုံပြီး ကြံ့ဖွံ့ပါတီကို မဲပေးရန် စည်းရုံးရေးတရားဟော တိုက်တွန်းမှုပြုရန် ''မေတ္တာရပ်ခံ'' သည်ဟု မော်လဝီတဦးက ပြောသည်။**
  *(မေ ၂၁၊ ၂၀၁၀။ မဇ္ဈိမသတင်းဌာန။)*
- **ရွေးကောက်ပွဲတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ရေးအသင်း (USDA) ကို မဲထည့်ပါက ပိတ်ထားသည့် ဗလီဝတ်ကျောင်းများကို ပြန်ဖွင့်ခွင့် ပြုမည်ဟု စစ်အစိုးရ မီးရထားဝန်ကြီး ဗိုလ်ချုပ်အောင်မင်း မကြာသေးမီရက်အတွင်းက တောင်ငူမြို့သို့ လာရောက်စဉ် ပြောကြားခဲ့သည်ဟု သိရသည်။**
  *(မေ ၇၊ ၂၀၁၀။ ရောဝတီအွန်လိုင်းမဂ္ဂဇင်း။)*
- **ကရင်ပြည်နယ် ကြာအင်းဆိတ်ကြီးမြို့နယ်မှာ မေ ၁၉ ရက်နေ့ကကျင်းပတဲ့ ဘာသာရေးပွဲတခုမှာ မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းက လူထုကို စည်းရုံးတဲ့အနေနဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးတံဆိပ်ပါတဲ့ တီရှပ်အကျီတွေ ဝေငှတာကြောင့် ကျောင်းထိုင်ဆရာတော်နဲ့ အခြေအတင်စကားများခဲ့ကြတယ်လို့ ဒေသခံတဦးကပြောပါတယ်။**
  *(မေ ၂၁၊ ၂၀၁၀။ ဒီဗွီဘီ သတင်းဌာန။)*

အဲသလို ၂၀၁၀ ရွေးကောက်ပွဲအကြို မဲဆွယ်လှုပ်ရှားမှုတွေကို လုပ်နေတဲ့ကြံ့ဖွံ့အသင်းကြီးဟာ ဧပြီလ ၂၉ ရက်နေ့မှာ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်လိုက်ကြောင်းကို ဗွီအိုအေအသံလွှင့်ဌာနမှာ **''စစ်အစိုးရက ကျောထောက်နောက်ခံ ပေးထားတဲ့ ပြည်ထောင်စု ကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးအသင်းကို နိုင်ငံရေးပါတီတခုအဖြစ် ပြောင်းလဲဖွဲ့စည်းပြီး မှတ်ပုံတင်ခဲ့သလို ဝန်ကြီးချုပ် ဦးသိန်းစိန်နဲ့အတူ တခြားဝန်ကြီးနဲ့ ဒု–ဝန်ကြီး ၂၅ ဦးတို့က ဒီပါတီမှာ ဦးဆောင်ပါဝင်သွားမှာ ဖြစ်တဲ့အကြောင်း မြန်မာ့အသံက ဒီနေ့မှာပဲ ကြေညာသွားခဲ့ပါတယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းမှာပဲ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နဲ့ အစိုးရတာဝန်ရှိသူတွေ စစ်ဘက်ဆိုင်ရာ ရာထူးတွေကနေ အရပ်ဘက်တာဝန်တွေကို ပြောင်းလဲ ရယူလာခဲ့တာလည်း ဖြစ်ပါတယ်။''** လို့ ဖော်ပြထားပါတယ်။

ဒီအခြေအနေတွေကို ကြည့်ရင် စစ်အုပ်စုဘက်က စစ်လမ်းပြမြေပုံရဲ့ အရေးကြီးဆုံးအဆင့်ဖြစ်တဲ့ နံပတ်(၅)အဆင့်ကို ကျော်ဖြတ်ရေး၊ ၂၀၁၀ ရွေးကောက်ပွဲမှာဝင်ရောက်မဲသိမ်းရေး နဲ့ စစ်ပါလီမန်ထူထောင်ရေးအတွက် အစီအစဉ်ရှိရှိ အကွက်ကျကျ ကြိုးပမ်းနေတယ်ဆိုတာ ထင်ရှားပါတယ်။

စစ်အစိုးရရဲ့ အကွက်ကျကျ အစီအစဉ်တွေအပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ အပစ်ရပ်အဖွဲ့များရဲ့ ပြတ်သားတဲ့ ရပ်တည်ချက်နဲ့ တုံ့ပြန်ပြင်ဆင်မှုတွေကိုလည်း တွေ့ရပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ပါတီဆက်လက်ရှင်သန်ရပ်တည်ရေးနဲ့ ပြည်သူ့အကျိုးအတွက် ဆက်လက် လုပ်ဆောင်သွားမယ့်အကြောင်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးဝင်းတင်က **''ကျနော်တို့က နိုင်ငံရေးပါတီ၊ ဖျက်သိမ်းမယ်၊ မဖျက်သိမ်းဘူးဆိုတာ သူတို့အပေါ်မှာသာ တည်တယ်၊ ကျနော်တို့နဲ့ ဘာမှမဆိုင်ဘူး။ ကျနော်တို့ကိုယ့်ဘာသာလည်း ဘာမှ ဖျက်သိမ်းမပေးဘူး။ အလံချခြင်းတို့၊ ဆိုင်းဘုတ်ဖြုတ်ခြင်းတို့ ဘာမှမလုပ်ဘူး။ ကျနော်တို့**

**လုပ်ငန်း ကျနော်တို့ လုပ်မယ်။ ဒါက ဒေါ်စုရဲ့ အမြင်သဘောထားတွေနဲ့လည်း ထင်ဟပ်ပြီးတော့ ဖြစ်တာလို့ ပြောချင်ပါတယ်။”** လို့ ဗွီအိုအေ အသံလွှင့်ဌာနနဲ့ မေ ၂၂ ရက်နေ့က တွေ့ဆုံမေးမြန်းစဉ်က ပြောခဲ့ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ နိုင်ငံရေးအရ ဆက်လက်ရှင်သန်ရေးသာမက စစ်အာဏာရှင်တို့ကို ပြန်လည်ထိုးနှက်တဲ့ တရားစွဲဆိုမှု ၂ ခုကိုလည်း ပြုလုပ်နေပါတယ်။ ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲရလဒ်အရ ပြည်သူ့လွှတ်တော်ခေါ်ပေးရန် ပျက်ကွက်မှုနဲ့ ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ပုဒ်မ ၄၅၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၆ ဦးတို့က စစ်အစိုးရကို ပုဒ်မ ၄၂ နဲ့ တရားစွဲဆိုကြောင်းကိုလည်း မေလ နိုင်ငံရေးဖြစ်စဉ်ထဲက စစ်အာဏာရှင်တွေကို အံတုမှုအဖြစ် တွေ့ရပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ၉၀ ရွေးကောက်ပွဲ အနိုင်ရပါတီတွေက ၂၀၁၀ တိုက်ပွဲလမ်းကြောင်း ပြင်ဆင်မှုတွေ လုပ်နေတဲ့ အချိန်မှာပဲ မေလ ၂၈ ရက်နေ့မှာ နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးလက်မခံနိုင်ကြောင်း အကြောင်းပြန်ထားကြတဲ့ အပစ်ရပ်လက်နက်ကိုင်အင်အားစုတွေဘက်ကလည်း **“နယ်ခြားစောင့် တပ်ဖွဲ့စည်းရေးနှင့် ပတ်သက်၍ စစ်အစိုးရက စစ်ရေးအရ တိုက်ခိုက်ခဲ့လျှင် တရုတ်–မြန်မာနယ်စပ်ရှိ အပစ်ရပ်အဖွဲ့များကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်ရန် ဆွေးနွေးပွဲ တရပ်ကို ယမန်နေ့က ပန်ဆန်းမြို့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ဆွေးနွေးပွဲသို့ ကချင်လွတ်လပ်ရေး တပ်မတော် (KIA )၊ အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (NDAA) မိုင်းလားအဖွဲ့၊ ဝပြည်သွေးစည်းညီညွတ်ရေးအဖွဲ့ (UWSA) ၊ ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) (SSA-N) တပ်ဖွဲ့တို့ တက်ရောက်၍ စစ်ရေးဆိုင်ရာများ ဆွေးနွေးကြောင်း UWSA အရာရှိတဦးက ရောဝတီသို့ ပြောသည်။”** လို့ မေ ၂၂၊ ရောဝတီ အွန်လိုင်းမဂ္ဂဇင်းမှာ ဖေါ်ပြထားပါတယ်။

အပစ်ရပ်လက်နက်ကိုင်အဖွဲ့အစည်းတခုဖြစ်တဲ့ မွန်ပြည်သစ်ပါတီကလည်း **“မြန်မာစစ်အစိုးမှ မွန်ပြည်သစ်ပါတီကို ပြည်သူ့စစ်အသွင်းပြောင်းရန် ကမ်းလှမ်းထားချက်ကို ပါတီမှ လက်မခံကြောင်း အကြောင်းပြန်ထားပြီးနောက် လက်ရှိ တင်းမာနေသည့် အနေအထားမှာ မွန်ပြည်သစ်ပါတီလက်အောက်ရှိ တပ်ရင်းများ စစ်ရေး အသင့်ပြင်ထားသည့် အနေအထားမှာ ရှိနေသည်။**”လို့ မေ ၂၆၊ Burma News International အင်တာနက်စာမျက်နှာမှာ ဖေါ်ပြထားပါတယ်။

အခုအခြေအနေတွေနဲ့ပတ်သက်ပြီးတော့ အပစ်မရပ်ထားတဲ့ လက်နက်ကိုင်တပ်ပေါင်းစုတခုဖြစ်တဲ့ အမျိုးသား ဒီမိုကရေစီ တပ်ပေါင်းစု (NDF) က မေလ ၂၃–၂၄ ရက်နေ့တွေမှာ ဗဟိုကော်မတီအစည်းအဝေးကျင်းပပြီး **“လက်နက်ကိုင် အပစ်ရပ်အဖွဲ့များနှင့် ပိုမိုနီးကပ်စွာ လက်တွဲပြီး စစ်အစိုးရအား စစ်မျက်နှာအနှံ့ဖြန့်၍ တိုက်ပွဲများ ဆင်နွှဲသွားမည်ဟု တိုင်းရင်းသားလက်နက်ကိုင် တပ်ပေါင်းစုကြီးက ပြောသည်။ ပြည်တွင်းစစ်မီး ပိုမိုတောက်လောင်လာမယ်၊ နအဖက တနေရာမှာ စစ်မျက်နှာဖွင့်မယ်ဆိုရင် ကျနော်တို့ ကလည်း မြန်မာပြည်အနှံ့အပြားမှာ စစ်မျက်နှာတွေ ဖွင့်ပြီး နအဖအရှူးမီးဝိုင်းဖြစ်လာအောင် ညှိနှိုင်းလုပ်ဆောင်နေပါတယ်” ဟု အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု–မဒတ အထွေထွေ အတွင်းရေးမှူး မိုင်းဘုန်းကျော်က ပြောသည်။**”လို့ မေ ၂၆ မဇ္ဈိမသတင်းဌာနမှာ ဖေါ်ပြထားတာကို တွေ့ရပါတယ်။

ပြည်တွင်း နိုင်ငံရေးအင်အားစုတွေရဲ့လှုပ်ရှားမှု အပစ်ရပ်၊ အပစ်မရပ် လက်နက်ကိုင်အင်အားစုတွေရဲ့ ပြင်ဆင်မှုတွေနဲ့အတူ မေလအတွင်း ထူးခြားတဲ့ဖြစ်ရပ်တွေကတော့ ဆက်တိုက် ဗုံးပေါက်ကွဲမှုတွေပါပဲ။ ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံအနှံ့မှာ သတင်းဌာနများရဲ့ ဖေါ်ပြချက်များအရ မေလ တလတည်းမှာပင် ဗုံးအလုံးရေ (၂၂) လုံးနဲ့ ဗုံးပေါက်ကွဲမှုပေါင်း (၇) ကြိမ်ဖြစ်ပွားခဲ့ပါတယ်။ ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် စက်မှုလယ်ယာဝင်းအတွင်း မေလ ၃၀ ရက်နေ့၊ ည (၁၀) ကျော်မှာ ဗုံး ၂ လုံးပေါက်ကွဲမှုနဲ့ မေလရဲ့ ဗုံးပေါက်ကွဲ မှုဟာ စာရင်းပိတ်သွားခဲ့ကြောင်း သတင်းဌာနများရဲ့အသံလွှင့်ချက်များအရ သိရပါတယ်။

ဗုံးပေါက်ကွဲမှုတွေကို ဘယ်သူတွေလုပ်နေသလဲဆိုတာ ဒီနေ့အချိန်အထိ မသိကြရသေးပေမယ့် ၁၉၈၈ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံမှာ ဗုံးပေါက်ကွဲမှုစံချိန်အတင်ဆုံးလတလဖြစ်သွားတဲ့ မေလဟာ နယ်ခြားစောင့်တပ်မဖွဲ့ရေးအတွက် စစ်အုပ်စုနဲ့ လက်နက်ကိုင်အဖွဲ့ အစည်းများကြားတင်းမာမှုတွေနဲ့အတူ ၂၀၁၀ ရွေးကောက်ပွဲအကြို မေလဟာ နိုင်ငံရေးမတည်မငြိမ်မှုတွေနဲ့ စစ်ရိပ်စစ်ငွေ့တွေ သန်းနေတဲ့ လတလအဖြစ် တွေ့ရှိရကြောင်း တင်ပြလိုက်ရပါတယ်။ ။

❑ ❑ ❑

# တလအတွင်း မြန်မာ့သတင်း

- မွန်ပြည်သူတို့အား ကိုယ်စားပြု၍ ၂၀၁၀ ရွေးကောက်ပွဲ ဝင်ရေး မဝင်ရေး ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် ဖွဲ့စည်းထားသော မွန် (၁၅) ဦး ကော်မတီတို့က ရွေးကောက်ပွဲကို ပါတီဖွဲ့၍ ဝင်ရောက်ယှဉ်ပြိုင်တော့မည်မဟုတ် ကြောင်း ယမန်နေ့က ဆုံးဖြတ်လိုက်သည်။ (NEJ 010410)
- ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂ နေရာ အနိုင်ရရှိခဲ့သည့် ဇိုမီးအမျိုးသားကွန်ဂရက် ZNC အနေဖြင့် စစ်အစိုးရပြုလုပ်မည့်ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ဟု ယမန်နေ့က ဆုံးဖြတ်လိုက်ကြောင်း အဖွဲ့ဥက္ကဋ္ဌ ဦးပုကျင့်ရှင်းထန်က ပြောသည်။ (RFA 040410)
- ကန့်ကွက်သူမရှိ ပါတီအားပြန်လည်၍ မှတ်ပုံမတင်မည့် ဆုံးဖြတ်ချက်အပေါ် ဝမ်းမြောက်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ယနေ့ ပြောဆိုသည်။ (Irrawaddy/Mizzima 070410)
- လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများလုပ်ရန် တောင်းဆိုမှုကို လျစ်လျူရှုလိုက်သဖြင့် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ဒဏ်ခတ်မှုများ လုပ်ရန်နှင့် အဖွဲ့မှထုတ်ပစ်ရန် ထိပ်သီးအစည်းအဝေးမတိုင်မီ အာဆီယံ လွှတ်တော်အမတ် ၁၀၀ ကျော်က တောင်းဆိုလိုက်သည်။ (Mizzima/ DVB 070410)
- ၂၀၀၇ မျိုးဆက် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် ခေါင်းဆောင်အဖြစ် ထင်ရှားခဲ့သည့် ကျော်ကိုကိုက အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ ရွေးကောက်ပွဲမဝင်ရေး ဆုံးဖြတ်ချက်ကို ထောက်ခံကြိုဆိုလိုက်ခြင်းကြောင့် အာဏာပိုင်များက ထပ်မံတရားစွဲဆိုလိုက်သည်။ (RFA 080410)
- မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာကင်တားနားက မတ်လ ၅ ရက်နေ့က မြန်မာစစ်အစိုးရ ကျူးလွန်သည့်လူ့အခွင့်အရေးများအပေါ် စုံစမ်းစစ်ဆေးရေးအတွက် ကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် အဆိုတင်သွင်းချက်ကို ချက်သမ္မတနိုင်ငံက ထောက်ခံလိုက်သည်။ (BBC 090410)
- နအဖစစ်အစိုးရက မြန်မာတနိုင်ငံလုံးရှိ သံဃာတော်များ လက်ကိုင်ဖုန်းကိုင်ဆောင်ခြင်း၊ ကွန်ပျူတာနှင့် ပရင်တာ စာကူးစက်များ၊ ဆက်စပ် ပစ္စည်းများ သုံးခြင်း၊ ပြည်ပနိုင်ငံများသို့ သွားလာခြင်း၊ ကျောင်းတိုက်ပြင်ပသို့ ထွက်ခြင်း စသည်တို့ကို ကန့်သတ်တားမြစ်မှုများ လုပ်ဆောင် တော့မည်ဖြစ်ကြောင်း သံဃာ့မဟာနာယကအဖွဲ့ဝင် ဆရာတော် တပါးက မိန့်ကြားသည်။ (NEJ 090410)
- ရန်ကုန်တိုင်း အမှတ် (၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးအုံးချိုသည် သင်္ကြန်အကြတ်နေ့ ဧပြီ (၁၅) ရက်၊ ညနေ (၃) နာရီ၌ ရန်ကုန်မြို့ ကန်တော်ကြီးရှိ X2O ရေပက်မဏ္ဍပ်တွင် ဗုံးပေါက်ကွဲခဲ့မှုကြောင့် အသည်းတွင် ဗုံးဒဏ်ရာရရှိကာ အလွန်စိုးရိမ်ရသော အခြေအနေတွင်ရှိကြောင်း မင်္ဂလာဒုံ စစ်ဆေးရုံ သတင်းရပ်ကွက်မှ ဆိုသည်။ (NEJ 200410)
- ရွေးကောက်ပွဲသည် လွတ်လပ်တရားမျှတပြီး ဒေါ်အောင်ဆန်းစုကြည် အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီးမှ ပါဝင်နိုင်ရန် ဂျပန်နဲ့ မလေးရှား ခေါင်းဆောင်များက ယနေ့ ပူးတွဲကြေညာချက် ထုတ်ပြန် တောင်းဆိုလိုက် သည်။ (VOA 200410)
- နယ်ခြားစောင့် တပ်ဖွဲ့စည်းရေးနှင့် ပတ်သက်၍ စစ်အစိုးရက စစ်ရေးအရ တိုက်ခိုက်ခဲ့လျှင် တရုတ်–မြန်မာနယ်စပ်ရှိ အပစ်ရပ်အဖွဲ့များကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်ရန် ဆွေးနွေးပွဲ တရပ်ကို ယမန်နေ့က ပန်ဆန်းမြို့တွင် ပြုလုပ်ခဲ့ကြောင်း ဝ အရာရှိတစ်ဦးကပြောသည်။ (Irrawaddy 220410)
- လွန်ခဲ့သော ၂ ရက်အတွင်း မွန်ပြည်သစ်ပါတီ ဗဟိုဌာနချုပ်တွင် အရေးပေါ် အစည်းအဝေးခေါ်ယူကာ စစ်အစိုးရက ပြည်သူ့စစ်ဖွဲ့ရန် ဖိအားပေး တောင်းဆိုမှုကို မွန်ပြည်သစ် ပါတီ (NMSP) က လက်မခံနိုင်ကြောင်း တညီတညွတ် တည်းဆုံးဖြတ်ခဲ့သည်ဟု မွန်ပြည်သစ်ပါတီပြောခွင့်ရပုဂ္ဂိုလ် နိုင်ချေးမွန်ကပြောသည်။ (Irrawaddy/Mizzima/DVB 230410)
- ဧရာဝတီ မြစ်ဝကျွန်းပေါ် ဒေသကို နာဂစ် ဆိုင်ကလုန်း ဝင်ရောက် ဖျက်ဆီးခဲ့သည်မှာ ၂ နှစ် ပြည့်တော့မည်ဖြစ်သော်လည်း ထောင်ပေါင်း များစွာသော ဒေသခံများသည် သောက်သုံးရေ ရှားပါးမှုပြဿနာနှင့် ရင်ဆိုင်နေရသည်ဟု ရန်ကုန်မှ ကုလသမဂ္ဂအရာရှိတဦးက ပြောသည်။ (Irrawaddy 230410)
- စစ်တွေမြို့တွင် ရပ်ကွက်ပေါင်း ၃၀ ကျော်ရှိသည့်အနက် ကုန်းတန်းရပ်ကွက်မှာ လေးလကျော်ကြာလျှပ်စစ်မီးမရသဖြင့် အမျိုးသမီးများမှ ဆန္ဒပြခဲ့ရာ ဆန္ဒပြပြီး နောက်တစ်ရက်၌ မီးပြန်လည်ရရှိကြောင်း မြို့ခံတစ်ဦးကပြောသည်။ (DVB 230410)
- မြန်မာနိုင်ငံတွင် ကျင်းပမည့် ရွေးကောက်ပွဲမတိုင်မီ စစ်အစိုးရနှင့် ဒီမိုကရေစီအင်အားစုများအကြား အမြန်ဆုံးတွေ့ဆုံ ဆွေးနွေး အဖြေရှာ ကြရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ တိုက်တွန်းမည့်စာတစ်စောင်ကို ဂျပန်လွှတ်တော်အမတ်များ ဝိုင်းဝန်းလက်မှတ်ရေးထွန်းပြီး ယခုလ ၃၀ ရက်နေ့တွင် ပေးပို့သွားမည်ဖြစ်သည်။ (RFA 230410)
- မွန်ပြည်သစ်ပါတီလက်အောက်ခံ တပ်ရင်းတပ်ဖွဲ့အားလုံးနှင့် အုပ်ချုပ်ရေးဌာနအသီးသီးတို့အား ယမန်နေ့နံနက်ပိုင်းမှစ၍ အမြင့်ဆုံးတပ်လှန့် ထားကြောင်း မွန်ပြည်သစ်ပါတီပြောရေးဆိုခွင့်ရှိသူ နိုင်ခြေးမွန်ကပြောသည်။ (Kaowao 240410)

- နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းမည့်ကိစ္စကို လက်မခံသည့် စောဒွေးမောင် ဦးဆောင်သည့် ကရင်ငြိမ်းချမ်း ရေးကောင်စီအဖွဲ့၏ စီးပွားရေးလုပ်ငန်းများကို နအဖက စတင်ကန့်သတ် ပိတ်ပင်လိုက်သည်ဟု အဖွဲ့ဝင်တဦးက ပြောသည်။ (NEJ 260410)
- လက်နက်ကိုင်အပစ်ရပ်အဖွဲ့များနှင့် ပိုမိုနီးကပ်စွာ လက်တွဲပြီး စစ်အစိုးရအား စစ်မျက်နှာအနှံ့ဖြန့်၍ တိုက်ပွဲများ ဆင်နွှဲသွားမည်ဟု အမျိုးသား ဒီမိုကရေစီတပ်ပေါင်းစု–မဒတ အထွေထွေအတွင်းရေးမှူး မိုင်းဘုန်းကျော်က ပြောသည်။ (Mizzima/DVB 260410)
- မြန်မာစစ်အစိုးမှ မွန်ပြည်သစ်ပါတီကို ပြည်သူ့စစ်အသွင်ပြောင်းရန် ကမ်းလှမ်းထားချက်ကို ပါတီမှ လက်မခံကြောင်း အကြောင်းပြန်ထား ပြီးနောက် လက်ရှိ တင်းမာနေသည့် အနေအထားမှ မွန်ပြည်သစ်ပါတီလက်အောက်ရှိ တပ်ရင်း များက စစ်ရေးပြင်ဆင်မှုများပြုလုပ်နေသည်ဟု နီးစပ်သူတစ်ဦးကပြောသည်။ (IMNA 260410)
- စစ်အစိုးရ ကျောထောက် နောက်ခံပြုထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း(ကြံ့ဖွံ့)ကို လာမည့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ယခုလ ၂၃ ရက်နေ့က နိုင်ငံရေးပါတီအဖြစ် ဖွဲ့စည်းလိုက်ပြီး ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ကို ပါတီ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ကြောင်း ကြံ့ဖွံ့နှင့်နီးစပ်သူတဦးကပြောသည်။ (Irrawaddy 270410)
- ထိုင်း–မြန်မာနယ်စပ် မဲဆောက်မြို့၌ ဖွင့်လှစ်ထားသည့် ဒေါက်တာစင်သီယာမောင်၏ မယ်တော်ဆေးခန်းတွင် ပြည်တွင်းမှ နှစ်စဉ် ၄က်ဖျား ဝေဒနာရှင် ၆,၀၀၀ ခန့် လာရောက်ကုသမှုခံယူပြီး အများစုသည် နယ်စပ်ဒေသမှဖြစ်ကြောင်း ဒေါက်တာစင်သီယာမောင်က ပြောသည်။ (DVB 270410)
- ယခုလ ၂၆ ရက်နေ့က ကွတ်ခိုင်မြို့နယ် ခလရ (၄၅) ဗျူဟာမှူး ဗိုလ်မှူးကြီးကြည်ဝင်းကို အမည်မသိလူတစ်ဦးမှ စစ်တပ်အတွင်း ဗုံးဖောက် ခွဲမှုပြုလုပ်မည်ဟု ခြိမ်းခြောက်စာတစ်စောင် ပေးပို့ခဲ့ကြောင်း မြို့ခံတစ်ဦးကပြောသည်။ (Palaungland 280410)
- ဧရာဝတီမြစ်ဆုံ ရေကာတာစီမံကိန်း ဧရိယာအတွင်း ဗုံးများဆက်တိုက် ပေါက်ကွဲမှုနှင့် ပတ်သက်၍မြစ်ကြီးနား အခြေစိုက် ခလရ (၂၉)၊ မြစ်ကြီးနားမြို့နယ်ရဲတပ်ဖွဲ့နှင့် စစ်ဖက်ရေးရာ လုံခြုံရေးဌာန (စရဖ) တို့ ပူးပေါင်းပြီး မြစ်ကြီးနားအပါအဝင် မြစ်ကြီးနားနှင့် တန်ဖရဲကျေးရွာ အကြားရှိ ကျေးရွာများမှ ဒေသခံများကို ခေါ်ယူ စစ်ဆေးနေကြောင်း လုံဂါဇွပ်ကျေးရွာသားကပြောသည်။ (NEJ 280410)
- စစ်အစိုးရ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ကျန်းမာရေး မကောင်းသည့်အတွက် စင်္ကာပူနိုင်ငံတွင် ဆေးကုသမှုခံယူ နေရကြောင်း ရန်ကုန် သံတမန် အသိုင်းအဝိုင်းမှဆိုသည်။ (Irrawaddy 280410)
- နယူးယောက် အခြေစိုက် လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့ (HRW) က ချီးမြှင့်သည့် ယခုနှစ်အတွက် ဂုဏ်ပြုဆုရရှိသူ စာပေ အနုပညာရှင်များထဲတွင် ကာတွန်းဆရာဟန်လေးလည်း တစ်ဦးအပါအဝင်ဖြစ်သည်။ (Irrawaddy 280410)
- စစ်အစိုးရနှင့်အပစ်ရပ်ထားသည့် လက်နက်ကိုင်အဖွဲ့များကို နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကိစ္စကို စစ်အစိုးရက နောက်ဆုံးရက် သတ်မှတ်ထားမှုအား ယခုလ ၂၈ ရက်နေ့က ကုန်ဆုံးသွားပြီဖြစ်သော်လည်း အင်အားအများဆုံးဖြစ်သည့် ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော်အပါအဝင် တိုင်းရင်းသားအဖွဲ့အချို့ အကြောင်းပြန်မှုမရှိသေးဟုဆို သည်။ (VOA 290410)

***(NDD  သုတေသနနှင့် မှတ်တမ်းတင်ဌာန၏ 'တလအတွင်းမြန်မာ့သတင်း –၂၀၁၀ ခုနှစ်၊ ဧပြီလ'မှ ထုတ်နှုတ်ဖော်ပြသည်။)***

❑ ❑ ❑

## မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု ဒုတိယအကြိမ်ညီလာခံ

(၂၀၀၉ ခုနှစ်၊ မတ်လ ၁၈–၂၁ ရက်)

လုပ်ငန်းစဉ် (၈) ရပ်

၁။ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုအား ကျစ်လစ်ခိုင်မာအောင် တည်ဆောက်ခြင်း။
၂။ မဟာဗျူဟာညှိနှိုင်းတိုင်ပင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။
၃။ မဟာမိတ်အဖွဲ့အစည်းများနှင့် ဘုံလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း။
၄။ တက်ကြွလှုပ်ရှားသူအင်အားစု ကွန်ယက်များ တည်ဆောက်ခြင်း။
၅။ လှုံ့ဆော်ပညာပေးရေးနှင့် ကိုယ်စီအခွင့်အရေးတိုက်ပွဲများ ဆက်စပ်ဆောင်ရွက်ခြင်း။
၆။ တနိုင်ငံလုံးအတိုင်းအတာဆောင်သော လူထုလှုပ်ရှားမှုများဖော်ဆောင်ခြင်း။
၇။ စစ်တပ်/ရဲ စသည်တို့အား ပြည်သူ့ဖက်ပါဝင်လာစေရန် စည်းရုံးခြင်း။
၈။ နိုင်ငံတကာမှ မိမိတို့၏ ဒီမိုကရေစီဖော်ဆောင်ရေးလမ်းကြောင်းကို ထောက်ခံပံ့ပိုးစေရေးနှင့် စစ်အာဏာရှင်စံနစ် သက်ဆိုးရှည်မှု ဆောင်ရွက်နေမှုများကို ဟန့်တားစေရေး စည်းရုံးလှုံ့ဆော်ခြင်း။